
ဂါ ဦး နွန်း ကို
Gar Oo Noon Ko
ချစ်ဆိပ်သင့်ဝိညာဉ်

ချစ်ခွန်းသီဖွဲ့သစ္စာစကား…

# နိဒါန်း

**တောနက်ကြီးတစ်ခု…။**

ကြမ်းတမ်းသောခရောင်းဆူးလမ်းပေါ်တွင် ရွက်ဝါကြွေများကို တဖြောက်ဖြောက်နင်းရင်း မိန်းမပျိုလေးတစ်ယောက် ပြေးလွှားနေ သည် ။

ထိတ်လန့်နေသောအတွေးစိတ်၏ နှိပ်စက်မှုကြောင့် အစဉ်အမြဲ နက်မှောင်စူးရှနေပုံရသည့် -သူမ၏ မျက်ဝန်းအစုံမှာ ဝိုင်း စက်ပြူးကျယ်လျက်ရှိပြီး အကြည့်တို့ ကလည်း ဂနာမငြိမ် ။ နီစွေးနုထွေးသော-အောက်နှုတ်ခမ်းလှလှလေးကိုလည်း ကြောက်စိတ် ကို မာန်တင်းဟန်ဖြင့် သွားဖွေးဖွေးနှင့် ဖိကိုက်ထားရင်း ဆူးချုံပင်ငယ်များကြား တိုးဝှေ့ပြေးလွှားနေ၏ ။

ဆူးချုံများကြား၌ ပြေးလွှားနေရသောကြောင့် သူမ၏ တစ်ကိုယ်လုံးတွင် ခြစ်မိရှမိဒဏ်ရာများ ဖြင့် သွေးအလိမ်းလိမ်းထွက် လျက် ချွေးများလည်း ရွှဲနစ်နေ၏ ။ သို့သော်လည်း သူမ ရပ်တန့်နားနေဖို့ ရာ စိတ်ကူးမရှိ ။ ပြေးမြဲပြေးဆဲ…

ပြေးနေရင်း မောလာသည် ။ မောပေမဲ့ နား၍ မရ ။ မရပ်မနား ပြေးမှ ဖြစ်မည် ။

အန္တရာယ်ဟူသောအရာတွေက ချောအိကလျာ၏ နောက်မှ အဆက် မပြတ်ကပ်လျက် လိုက်ပါလာကြပြီ မဟုတ်ပါလား ။ ဆူးချုံများကို တွန်း ဖယ်တိုးတိုက်ကာ ခရီးရောက်သည် ထက်ရောက်စေရန် ကလျာ ပြေးလွှားနေရသည် ။ အနောက်မှ အသံတွေက လည်း တစ်စ,တစ်စ နီး ကပ်သထက် နီးကပ်လာပါပေ့ါ ။

ထိုအသံတွေက ချောအိကလျာအတွက် သေမင်းခေါ်သံ ။ ဝိညာဉ်နှု တ်မည့် အသံတွေ...။ သူတို့ လက်တွင်းသို့ ချောအိ ကလျာ သက်ဆင်း ရောက်ရှိသွား၍ မဖြစ် ။ လုံးဝ မဖြစ်ချေ ။ သူတို့ လက်မှ လွတ်မြောက်နို င်ဖို့ ရာ နည်းလမ်းမှာ လည်း တစ်ခုသာ ရှိ သည် ။ ထိုနည်းလမ်းကား ဤတောလမ်းအတိုင်း ပြေးကာ ကိုစွမ်းရှင်နှင့် ချိန်းဆိုရာနေရာသို့ အ ရောက်သွားနိုင်ရန်သာ...။

မောဟိုက်ပင်ပန်းလွန်းလှသဖြင့် ခြေလှမ်းတို့ မှာ ရွေ့ပင်မရွေ့ချင် တော့ ။ ကိုစွမ်းရှင်နှင့် ချိန်းဆိုထားသည့် ရေတံခွန်နားသို့ ရောက်ရှိရန်မှာ လမ်းချိုး(၂)ခုကို လွန်မြောက်ကျော်ဖြတ်ရဦးမည်ဖြစ်၍ ခရီး အတော်ကျန်သေးသည် ။ ချောအိကလျာ အားမာန်ကို တင်း ၊ ဇွဲကို ရင်းကာ အောက်နှုတ်ခမ်းကို ပြတ်လုမတတ် ဖိကိုက်ထားပြီး အသည်း အသန်ဆက်ပြေးသည် ။

သူတို့ လက်တွင်းကိုတော့ ချောအိကလျာ အကျမခံနိုင် ။ အရောက်မ ခံနိုင် ။

သို့သော်လည်း အားနွဲ့ရှာသူမိန်းမသားပေမို့ ဇွဲမာန်ခဲကာ ပြေးသော်ငြားလည်း အားက မတန်သဖြင့် ခြေတစ်လှမ်းအရွေ့ တွင် ခဲ လုံးကိုဝင်တိုက်မိပြီး မဟန်ဘဲ ပစ်လဲကျသွားတော့၏ ။

*

# အခန်း(၁)

" အမလေးဟဲ့...သေပါပြီ ။"

နာနာကျင်ကျင်အော်မြည်ညည်းတွားလိုက်သံကြောင့် ချောအိကလျာ သတိဝင်လာကာ အသံလာရာသို့ လှည့်ကြည့်မိတော့ ဝေဝေ ဝါးဝါးအမြင်ဖြင့် မျက်နှာတစ်ခုကို မထင်မရှားမြင်ရသည် ။

- ရန်သူလား...မိတ်ဆွေလား...

ချောအိကလျာက အကြည့်များ ကြည်လင်ပြတ်သားစေရန် မျက်လုံးတွေကို လက်နှစ်ဖက်ဖြင့် ပွတ်သပ်လိုက်ပြီးနောက် သေသေချာချာပြန်ကြည့်လိုက်သည့် အခါ ထိုမျက်နှာတစ်ခုမှာ သူငယ်ချင်းမြတ်စုဖြစ်နေ၏ ။

မြတ်စုက ဆန့်ထားသောသူမ၏ ခြေထောက်ပေါ်သို့ ကိုယ်လုံးကြီးဖြင့် တက်ဖိထားရင်း သူမကို စိတ်မမှန်သူတစ်ယောက် လို ငေးကြောင်ကြည့်နေသော-ချောအိကလျာကို ဒေါသတကြီးစိုက်ကြည့်လိုက်ပြီး...

" ဟဲ့...နင် နိုးနေပြီဆိုရင်လည်း ငါ့ခြေထောက်ပေါ် တက်ဖိထားတဲ့ -နင့်ကိုယ်လုံးကြီးကို ဖယ်ပေးတော့လေဟာ ။ ဒီမှာ နာလို့ သေတော့မယ် ။ တောင်ပေါ်ကို ဒီခြေထောက်နဲ့ တက်ရမှာ ဟဲ့ ။ နင် ထမ်းတင်ပေးမှာ မို့လို့ လား ။"

" ဩော်...! အေး...။ စော... စောရီးနော် မြတ်စု ။"

ထိုအခါမှ ချောအိကလျာသည် မြတ်စု၏ ခြေထောက်နှစ်ချောင်းပေါ်တွင် အလျားလိုက်လဲကျနေသည့် ကိုယ့်အဖြစ်ကိုယ် သတိပြုမိ သွားပြီး ကမန်းကတန်းမတ်တတ်ထရပ်ကာ မြတ်စုကို တောင်းပန်ရင်း မိမိဘာဖြစ်သွားသလဲဆိုတာကို အသည်းအသန် စဉ်းစားမိ တော့ ခုံတန်းပေါ်တွင် ထိုင်ငိုက်လျက် အိပ်ပျော်သွားခဲ့ရာမှ အိပ်မက်မက်ပြီး အောက်တွင် ခြေဆန့်လက်ဆန့်လုပ်နေသူ-မြတ်စု အပေါ်သို့ ယခုလို ပြုတ်ကျသွားခဲ့ခြင်းဖြစ်မည် ။

မြတ်စုကတော့ သူမ၏ ဝသီအတိုင်း နှုတ်ခမ်းတလန်ပန်းတလန်နှင့် ရန်တွေ့စကား ဝ,အောင်ပြောပြီးမှ မျက်နှာသစ်ရန် တည်းခိုခန်းအနောက်ဘက်သို့ ထွက်သွား၏ ။ ထိုအခါမှ ပဲ ချောအိကလျာလည်း အိပ်မက်အကြောင်းကို စိန်ပြေနပြေ ပြန်ပြောင်း တွေးမိသည် ။

- ဩော်...အိပ်မက်မက်နေတာပါလား ...

အိပ်မက်ဟု ဆိုသော်လည်း အပြင်မှာ အမှန်တကယ်တွေ့ကြုံဖြစ်ပျက်နေသည့် အလား စိတ်ချောက်ချားစရာ ကောင်းလွန်းလှပါဘိ ။ နောက်ပြီး ထိုအိပ်မက်က မကြာမကြာ မြင်မက်တတ်သောအိပ်မက်...။

အို...အိပ်မက်ဟာ အိပ်မက်ပါပဲလေဟု သာ ခပ်ပေ့ါပေ့ါတွေးလိုက်ပြီး ချောအိကလျာကိုယ်တိုင်လည်း မျက်နှာသစ်/သွား တိုက်ရန် တည်းခိုခန်းနောက်သို့ လျှောက်လာခဲ့လိုက်သည် ။ မကြာမီတွင် ကျိုက်ထီးရိုးတောင်ပေါ်သို့ ချောအိကလျာတို့ သူငယ် ချင်း တစ်စု ပျော်ပျော်ပါးပါး ခြေလျင်ခရီးသွားကြတော့မည် မဟုတ်ပါလား ။

မျက်နှာသစ် သွားတိုက်ကာ အားလုံး ပြင်ဆင်ဖီးလိမ်းစားသောက်ပြီးသည့် အခါတွင် နံနက်(၇)နာရီ ထိုးလုပြီ ။ အားလုံးက လူငယ်တွေချည်းပဲဖြစ်တာကြောင့် တောင်ပေါ်သို့ ခြေလျင်တက်ရောက်ရန်အတွက် စိတ်

အားတက်ကြွလျက်ရှိရာ လွယ်အိတ် တလွယ်လွယ် ဂျာကင်တကားကား နှင့် မြောက်ကြွမြောက်ကြွဖြစ်နေကြသည် ။

ကင်ပွန်းစခန်းဆီသို့ ည(၂)နာရီခွဲခန့်က ခရီးသွားကားဖြင့် ရောက်ရှိခဲ့ကြသောကြောင့် တည်းခိုခန်းတွင် (၃)နာရီနီးပါးခန့် အိပ်စက်အနားယူလိုက်ရ၍ အားလုံး အားအင်ပြည့်ဝကာ လန်းဆန်းတက်ကြွနေကြသည် ။ ကျိုက်ထီးရိုးဆံတော်ရှင်မြတ်ကြီး၏ ကြည်ညိုလေးမြတ်ဖွယ်ဂုဏ်ကျေးဇူးတော်များကို ချောအိကလျာ ကြားနာဖူးခဲ့သော်လည်း အသက်(၁၈)နှစ်ပြည့်သည် အထိ ကိုယ် တိုင်ကိုယ်ကျတော့ တစ်ကြိမ်တစ်ခါမျှ မလာရောက်ဖူးခဲ့ပေ ။

ငယ်စဉ်မူလတန်း ကျောင်းသူဘဝကနေ တက္ကသိုလ်ကျောင်းသူကြီးဖြစ်သည့် အချိန်ထိ စာမှ လွဲ၍ အခြားအရာတွေကို စိတ်ဝင်စားခွင့် မရှိခဲ့သော-ချောအိကလျာအဖို့ ခရီးထွက်ခြင်းဟူသောဝေါဟာရသည် မြန်မာစာဝါကျထဲတွင် သာ တွေ့မြင်နားလည် ခဲ့ရ၏ ။ မိဘတွေကလည်း ကျောင်းစာနောက်ကျမည် ၊ ကျောင်းပျက်မည်ကို စိုးရိမ်သောကြောင့် ချောအိကလျာကို ဘယ်ကိုမျှ မပို့ ပေးခဲ့ ။

ယခုမှ သာ နိုင်ငံခြားဘာသာတက္ကသိုလ်မှ ချောအိကလျာ၏ သူငယ်ချင်းများက ကျောင်းပိတ်ရက်တွင် ကျိုက်ထီးရိုးစေတီ တော်သို့ သွားရောက်ဖူးမျှော်ရန် လာရောက်ခေါ်ငင်သဖြင့် အရွယ်ရောက်နေပြီဖြစ်သည် ကတစ်ကြောင်း ၊ အိမ်သို့အရောက် လာ ခေါ်ကြသောသူငယ်ချင်းများကို အားနာသည် ကတစ်ကြောင်းကြောင့် ချောအိကလျာ၏ မိဘများက စိတ်မချလက်မချနှင့် ထည့်ပေး လိုက်ကြခြင်းဖြစ်သည် ။

ဤသို့ဖြင့် ကမ္ဘာ့အံ့ဖွယ်များ ထဲ၌ တစ်ခုအပါအဝင်ဖြစ်သည့် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကို ချောအိကလျာ

မြင်တွေ့ဖူးမျှော်ကြည့်ညိုရတော့မည် ။ ထိုသို့ တွေးလိုက်မိတိုင်း ချောအိကလျာ၏ ရင်ထဲတွင် ပျော်ရွှင်ခြင်း ကြည်နူးခြင်းဟူသော ခံစားချက်တို့ ရောယှက်ကာ လှိုက်ခုန်တုန်ယင်နေမိသည် ။

ခြေလျင်တောင်တက်လမ်းကလေးအတိုင်း ကလျာတို့ လူစု တောင်ပေါ်သို့ ဦးတည်တက်လာခဲ့ကြပြီ ။ ချောအိကလျာတို့ လူစုတွင် ခေါင်းဆောင်အနေဖြင့် ကိုသက်အောင်က ဦးဆောင်လျက် ညီညီ, ပြည့်စုံ, ပိုင်ထူး, ဇော်ရဲဦး, မြတ်စု, နွယ်နီဟန် , ဖွေး စံပယ် , လမင်းအေး , ခတ္တာနှင့် ချောအိကလျာဟူ၍ စုစုပေါင်း(၁၁)ယောက်ပါဝင်သည် ။

ခေါင်းဆောင် ကိုသက်အောင်မှာ (UFL)၏ တတိယနှစ်ကျောင်းသားဖြစ်ပြီး ကျန်လူအားလုံးမှာ ဒုတိယနှစ်ကျောင်းသားတွေ ချည်း ။ အားလုံး ကိုယ်စီကိုယ်ငှ ကျောပိုးအိတ်လွယ်ထားကြပြီး လမ်းသွယ်လေးအတိုင်း ခပ်သွက်သွက် လျှောက်ခဲ့ကြ၏ ။

***

ကျိုက်ထီးရိုးသို့ ကိုသက်အောင်,ပိုင်ထူးနှင့် ခတ္တာတို့ မှ လွဲ၍ ကျန်လူစုမှာ မရောက်ဖူးကြသေး ။ မရောက်ဖူးသေးသော နေရာကို သွားနေရခြင်းဖြစ်တာကြောင့် အားလုံး တက်ကြွရွှင်မြူးနေသည် ။ မြတ်စုကတော့ စကားများ သူ၏ ထုံးစံအတိုင်း ရောက် ဖူးသူ-ခတ္တာကို အဆက်မပြတ် မေးမြန်းလျက်ရှိသည် ။

“ ခတ္တာ...တောင်ပေါ်မှာ အေးလား ။”

“ နင်ကလည်း ။ တောင်ပေါ်ဆိုမှ တော့ အေးတာပေါ့ဟ ။ ခုက ဆောင်းတွင်းဆိုတော့ တောင်အောက်မှာ ထက် နှစ်ဆမကပိုအေးတယ် ။”

“ အမလေး…! တော်သေးတာပေါ့ ။ အန္တေးထည်တွေ ထည့်ခဲ့မိလို့ ။”

“ မပါရင်လည်း ပြန်ဆင်းယူမပေးနိုင်ပါဘူးဗျာ ။ လျှောက်လာတာ အဝေးကြီး ရှိနေပြီ ။”

မြတ်စု၏ စကားအဆုံးတွင် ညီညီက လှမ်းနောက်လိုက်သောကြောင့် မြတ်စု၏ နဂါးမျက်စောင်းတစ်ချက်က ညီညီ့ဆီသို့ အလျင် အမြန် ကျရောက်သွားသည် ။

“ နင့် ဘယ်သူ ယူခိုင်းလို့ လဲ ။ ရှည်ကိုရှည်တယ် ။”

“ ဟယ်တော်…! ကျုပ်လည်း မပြဘဲနဲ့ ကျုပ် ရှည်တာ ညည်း ဘယ့်နှယ့်လုပ်သိသွားပါလိမ့် ။”

“ ဟဲ့အကောင် … နင် ဘာစကားပြောတာလဲ ။ မမိုက်ရိုင်းနဲ့ ။”

“ ဟောဗျာ ။ ငါက ဘာမိုက်ရိုင်းလို့ လဲ ။ ငါ ပါးစပ် ဟမပြဘဲနဲ့ ငါ လျှာရှည်တာကို နင် ဘယ်လိုလုပ်သိသလဲလို့ ပြောတာကိုများ ။ သူ့ဘာသာ ဘယ်အထိ လျှောက်တွေးနေသလဲ မသိဘူး ။”

ညီညီက ထိုသို့ လူပြက်ပြော,ပြောကာ တစ်ဖက်လူ စိတ်မတို,တိုအောင် စနောက်တတ်သလို မြတ်စုကလည်း ဆတ်ဆတ် ထိမခံ ဖြစ်တာကြောင့် အသံတွေ ညံနေလေသည် ။

တောင်တက်လမ်းက တောလမ်းဆိုပေမယ့် လူတို့ သေချာပြုလုပ်ထားသော-လမ်းလေးဖြစ်သည် ။ မြေဖုံဖုံကို လျှောက် လာလိုက် ၊ ခဏနေ လှေကားထစ်တွေပေါ် တက်လိုက်-ဆင်းလိုက်နှင့် အတော်ပျော်စရာကောင်းသည် ။

တောင်တစ်ခု တက်၍ ပြီးလို့ တောင်ထိပ်အပေါ်ဆုံးလှေကားထစ်ဆီသို့ ရောက်သည့် အခါ တစ်ခါတစ်ရံ စားသောက်ဆိုင် လေးများ ရှိတတ်

သဖြင့် တွေ့သည် နှင့် ဆိုင်ထဲဝင်ကာ ရှိသမျှအကုန် မှာ စားကြသည် ။ အများ စုမှာ အကြော်ဆိုင်များ ဖြစ်ပြီး တချို့ ဆိုင်များ တွင် ဆတ်သားခြောက်ကြော် ၊ ယုန်ကင် ၊ ပုတက်ကင်များကိုလည်း ရရှိနိုင်သဖြင့် အထူးအဆန်းမှန်သမျှ ကလျာတို့ အဖွဲ့ မလွတ်တမ်း မှာ စားကြသည် ။

သည် ကြားထဲ တစ်ချက်တစ်ချက် ခိုးခိုးကြည့်နေသော ကိုသက်အောင်၏ အကြင်နာမျက်ဝန်းများကို ချောအိကလျာက မသိမသာအသိအမှတ်ပြုနေရသေးတော့ ...။ ရင်ခုန်ကြည်နူးဖွယ်ရာ ဘုရားဖူးခရီးစဉ်လေးတစ်ခုပါတကား...။

ရေမြောင်ကြီးကို ကျော် လာပြီးနောက် လှေကားထစ်တို့ မှာ အတန်ငယ် မက်စောက်လာသည် ။ တောင်(၇)လုံးခန့် ကျော် မှ ရောက်မည့် ခရီးဖြစ်ပြီး ယခု တောင်(၃)လုံးကျော်ခဲ့ပြီဟု ကိုသက်အောင်က အားတက်စေရန် ပြောပြသည် ။ (၄)နာရီနီးပါး တောင်တက်ခဲ့ရသောကြောင့် နောက်ကျောတွင် ပိုးထားသော-ကျောပိုးအိတ်မှာ တစ်စ,တစ်စ ပို၍ ပို၍ လေးလံလာကာ ဖြစ်နိုင်လျှင် လမ်းတွင် လွှင့်ပစ်ခဲ့ချင်စိတ်ပင် ပေါက်သည် ။ သို့ပေမယ့် အိတ်ထဲတွင် ငွေကြေးနှင့် အရေးကြီးပစ္စည်းများ ၊ လိုအပ်သောပစ္စည်း များ ပါနေသဖြင့် လွှင့်ပစ်၍ မဖြစ် ။ အဝတ်အစားထုပ်များကို အထမ်းသမားများ နှင့် ထည့်ပေးလိုက်ခြင်းအပေါ် ခုမှ ပဲ သဘောပေါက် တော့သည် ။

" မောလိုက်တာဟယ် ။ ခဏ နားကြစို့ ။"

နွယ်နီဟန်က နဖူးမှ ချွေးတို့ ကို လက်ခုံဖြင့် သုတ်ဖယ်လိုက်ကာ လှေကားထစ်တွင် ထိုင်ချရင်း ဆိုလိုက်သည် ။

လမင်းအေးက တစ်လမ်းလုံး နားထောင်လာသော-နားကြပ်ကို နား

မှ ဖြုတ်လိုက်ပြီး နီးရာလှေကားထစ်တွင် ထိုင်ချ လိုက်ရင်း ကျောပိုးအိတ်အတွင်းမှ ရေဘူးကို ထုတ်သောက်သည် ။

ဖွေးစပယ်ကတော့ မနက်ခင်းက ချမ်းလှချည်ရဲ့ ဟု ရေရွတ်ကာ တမြတ်တနိုးထုတ်ဝတ်သော ၊ ယခု ဖုန်အလိမ်းလိမ်း တက်နေရှာပြီဖြစ်သည့် -အဖြူရောင်သားမွေးအင်္ကျီကြီးကို လွယ်အိတ်ထဲသို့ စိတ်နာနာဖြင့် ထိုးထည့်နေသည် ။

“ ကလျာ မောနေပြီလား ။”

နွေးထွေးနူညံ့လှသည့် ကရုဏာနှောနှော-မေးခွန်းသံလေးကြောင့် ချောအိကလျာ ထိုင်နေရာမှ နံဘေးသို့ မော့ကြည့်မိတော့ မိမိကို ကြင်ကြင်နာနာစိုက်ကြည့်နေသူ-ကိုသက်အောင်၏ မျက်ဝန်းများ နှင့် ခလုတ်တိုက်မိသည် ။ ချောအိကလျာ ရင်ခုန်သွားမိပေမယ့် ဣန္ဒြေဆည်လိုက်ပြီး အပြုံးနှင့် ခေါင်းခါပြလိုက်ရင်း...

“ သိပ်မမောပါဘူး ကိုသက်အောင်ရယ် ။ အကျင့်မရှိတော့ နည်းနည်းပင်ပန်းရုံလောက်ပါ ။”

“ ဟို...ကျောပိုးအိတ် လေးနေရင် အစ်ကို ကူသယ်ပေးမယ်လေ ။ စောစောက ကလျာကို ကြည့်မိတော့ အိတ်ကို သယ်ရတာအတော်ပင်ပန်းနေသလို ဖြစ်နေသလားလို့ ။”

“ အာ...နေပါစေ ကိုသက်အောင်ရယ် ။ ကိုသက်အောင်မှာ လည်း ကျောပိုးအိတ်ကြီးနဲ့ ပဲဟာ ။ အတူတူချင်းကို အကူအညီမတောင်းပါရစေနဲ့ ။”

“ မဟုတ်တာပဲ ကလျာရယ် ။ အစ်ကိုက ယောကျ်ားလေးပဲ ။ အိတ်နှစ်လုံး လွယ်နိုင်ပါတယ် ။”

" နေပါစေ ... ကိုသက်အောင်ရယ် ။"

ထိုသို့ ချောအိကလျာရော ၊ ကိုသက်အောင်ပါ ပတ်ဝန်းကျင်ကို သတိမထားမိဘဲ ကျောပိုးအိတ် ကူသယ်ပေးရေး-မပေးရေးကိုသာ အသည်းအသန် ဆွေးနွေးငြင်းဆန်နေမိခိုက် နံဘေးမှ နားကြားပြင်းကပ်လာပုံရသော-မြတ်စုက...

" ဒီမှာ ဗျို့ ကလျာ့ကိုချည်း မေးမနေပါနဲ့ ။ မိန်းကလေးတွေအားလုံး ကျောပိုးအိတ် ပါ,ပါတယ် ။ သူ ဒီလောက်ငြင်းနေရင် ကျွန်မကိုလည်း တစ်လှည့်လာမေးလို့ ရပါတယ် ။ ကျွန်မကတော့ ငြင်းမှာ မဟုတ်ပါဘူး ။"

ဟု အော်လိုက်တော့မှ ကိုသက်အောင်ခမျာ မျက်နှာတစ်ခုလုံး နီရဲသွားရှာသည် ။ ရှက်သွားပုံရသည် ။

" အာ...မြတ်စုကတော့ လုပ်ပြီ ။ အစ်ကိုက နီးရာလူကို လှမ်းမေးမိတဲ့ သဘောပါ ။ ကဲ...သွား...သွားကြစို့ ။ နေမြင့်နေဦးမယ် ။"

ထိုသို့ ရှက်ရှက်နှင့် စကားပြန်ကာ လှည့်ထွက်သွားတော့သည် ။ ဤသို့ဖြင့် ခရီးရှေ့ဆက်ခဲ့ရပြန်ပေ့ါ...။

ယခု တက်နေသောလှေကားထစ်များ သည် ယခင်က တက်ခဲ့သော-လှေကားထစ်များ ထက် ပို၍ မြင့်မားများ ပြားလိမ့်မည် ဟု ချောအိကလျာ ယူဆမိသည် ။

ကိုသက်အောင်တို့ လူစု တောင်ထိပ်လှေကားအဆုံးသို့ ရောက်သည့်အခါ ကမ်းပါးတွင် ကပ်၍ စောင်းစောင်းကြီးပေါက်နေ သော-သစ်ပင်ကြီးတစ်ပင်ကို တွေ့လိုက်ရသည် ။ ထိုအပင်၏ အခြေတွင် မူ လှေကားထစ်များ ထွင်းလုပ်စဉ်က စေတနာရှင်တို့ လုပ် အားဒါန

ပြုခဲ့ကြသည့် -သစ်သားခုံတန်းရှည်တစ်ခု ရှိ၏ ။

“ ဟေး…မိုက်တယ်ကွ ။ ထိုင်ကြမယ် ။”

ပိုင်ထူးနှင့် ဇော်ရဲဦးတို့ နှစ်ယောက်က လှေကားထိပ်သို့ ဦးစွာရောက်ရှိသွားသောကြောင့် ကလေးငယ်များ ကစားစရာတွေ့သကဲ့သို့ ဝမ်းသာရွှင်မြူးစွာဖြင့် ထိုထိုင်ခုံဆီသို့ ပြေးသွားကြသည် ။

“ ငါကတော့ ဓါတ်ပုံရိုက်မယ် ။ အပင်ကြီးလည်း ပါမယ် ။ ဟိုဘက်က တောင်တွေလည်း ပါမယ် ။ ပြည့်စုံရေ…ငါ့ကို ဓာတ်ပုံလှလှလေး ရိုက်ပေးနော် ။”

သူတို့ နောက်မှ တက်လာသူ-လမင်းအေးက ဒစ်ဂျစ်တယ်ကင်မရာလေးကို အိတ်ထဲမှ ထုတ်ကာ ပို့စ်အမျိုးမျိုးပေးပြီး ပြည့်စုံကို ဓာတ်ပုံရိုက်ခိုင်းနေသည် ။

“ ဟယ်…သာယာလိုက်တဲ့ နေရာလေး ။”

ချောအိကလျာနှင့် နွယ်နီဟန်တို့ က နောက်ဆုံးမှ ရောက်လာကြသူများ ဖြစ်ရာ အားလုံး ဝိုင်းစုထိုင်နေသည့် အချိန်မှ ထိုနေရာသို့ ရောက်ရှိသွားခဲ့သည် ။ ရောက်လျှင်ရောက်ချင်း ကမ်းပါးထိပ်တွင် ကပ်ပေါက်နေသော-သစ်ပင်ကြီးကို ငေးစိုက်ကြည့်ရင်း လှပ သာယာမှုအရသာကို ရှုမြင်ခံစားမိသည် ။

“ ဟော…ရေတွေ ကျနေတဲ့ အသံ ။ နင်တို့ ကြားရလား ။”

“ အေးဟ ။ ရေကျသံတွေ ဘယ်နားကပါလိမ့် ။”

ညီညီ့အမေးကို ဖွေးစပယ်က ထောက်ခံရင်း စပ်စုသောအတွေးနှင့် ပြောလိုက်မိတော့ ကိုသက်အောင်က ရေမြောင်ကြီးမှ ရေကျသံဖြစ်နိုင်သလို ကျိုက်ထီးရိုးတောင်၏ အောက်ခြေရှိ ရေတံခွန်ဆီမှ ရေကျသံလ

ည်း ဖြစ်နိုင်ကြောင်း ရှင်းပြ၏။

ကိုသက်အောင်က သူ သိသလောက်ဗဟု သုတအနည်းငယ်ကို ဖြန့်ဝေပြောပြရင်း ချောအိကလျာများ သူ့ကို အထင် တကြီး ငေးကြည့်နေလေမလား-ဟူသောအတွေးဖြင့် မသိမသာခိုးကြည့်မိတော့ သူ့အထင်နှင့် အမြင်က တက်တက်စင်အောင် လွဲ နေ၏။

ချောအိကလျာက သူ့ကို အထင်တကြီး ငေးမကြည့်ရုံသာမက သူ့စကားကိုပင် နားထဲ ဝင်ပုံမရ ။ တစ်ဖက်တောင်တန်း ကြီးကိုသာ တွေတွေကြီး ငေးမောစိုက်ကြည့်နေသောကြောင့် ကိုသက်အောင် စိတ်ပျက်လက်ပျက်နှင့် သက်ပြင်းငွေ့ငွေ့ချလိုက်မိ သည် ။ ခဲလေသမျှ သဲရေကျ ...။

အမှန်လည်း ကိုသက်အောင်၏ ပြောစကားများကို ချောအိကလျာ တစ်စွန်းတစ်စမျှ မကြား ။ အဘယ့်ကြောင့် ဆိုသော် ချောအိကလျာ တစ်ဖက်တောင်ကြောကို ငေးမျှော်ကြည့်ရင်း ရေတံခွန်မှ ရေကျသံကို နားထောင်နေမိရာမှ အသိစိတ်တို့ ကင်း လွတ်သွားသောကြောင့် ဖြစ်သည် ။

***

ချောအိကလျာ ရောက်ရှိနေသည့် နေရာက နိုင်ငံခြားဘာသာတက္ကသိုလ်မှ သူငယ်ချင်း(၁၀)ယောက်နှင့် အပျော်ခရီး ထွက်လာမိသော-ကျိုက်ထီးရိုးတောင်၏ တစ်နေရာတွင် မဟုတ်တော့ဘဲ မတ်စောက်စောက်-ရေတံခွန်တစ်ခုပေါ်ရှိ အစွန်အဖျား နေရာ၌ ဖြစ်၏ ။ ဆက်သွားစရာ လမ်းမရှိတော့ ။ နံဘေးတွင် မြင့်မားသော-တောင်ကမ်းပါးယံကြီးတစ်ခုက ကာဆီးထားလေပြီ ။

“ ကိုစွမ်းရှင် ကိုစွမ်းရှင်...”

အိပ်မက်လိုလို လွင့်မြောလျက်ရှိသော-အတွေးထဲ၌ မည်သူမည်ဝါမှန်း ရုပ်လုံးဖော်၍ မရသူတစ်ယောက်၏ နာမည်ကို ချောအိ ကလျာ အော်ခေါ်နေမိသည် ။ ကိုစွမ်းရှင်ဆိုတာ ဘယ်သူပါလိမ့်...။ သေချာတာကတော့ သူ့အပေါ်ကို ချောအိကလျာ အားကိုး ယုံကြည်နေမိသည် ။

နောက်မှ ခြေသံများက နီးသထက် နီးကပ် လာပြီ ။ ချောအိကလျာ အားကိုးယုံကြည်နေမိသော-ကိုစွမ်းရှင်ဆိုသူကို ယခု ချိန်ထိ မမြင်မိသေး ။ သွေးပျက်ကြောက်ရွံ့စိတ်တို့ က အထွတ်အထိပ်သို့ ပူးကပ်တက်လာခဲ့ပြီ ။

အမှန်တော့ ဤအကြောင်းအရာသည် ချောအိကလျာ မြင်မက်ခဲ့ဖူးသော-အိပ်မက်တစ်ပုဒ်သာ ။ သို့တိုင် ထိုအိပ်မက် ထဲသို့ ရောက်ရှိသွားသည့် အခါတိုင်း ယခုကဲ့သို့ပဲ ခံစားရစမြဲ ။ ကြောက်ခြင်း ၊ အားငယ်ခြင်း ၊ စိုးရိမ်ပူပန်ခြင်း ၊ ခိုကိုးရာမဲ့ခြင်း ဟူသော စိတ်ခံစားမှုပေါင်းစုံကို ချောအိကလျာ ရောပြွတ်ယှက်ပွေစွာ ခံစားလိုက်ရသည် ။ ထိတ်လန့်လွန်းသောကြောင့် နှလုံးအစုံ သည် လျင်စွာ ခုန်မြန်နေသလို အသားတွေ/နှုတ်ခမ်းတွေလည်း ကြောက်လွန်းလို့ တဆတ်ဆတ်တုန်နေပြီ ။

ကိုစွမ်းရှင်ဆိုသောပုဂ္ဂိုလ်ကမူ ရောက်မလာသေး ။ ထိုစဉ် လမ်းကွေ့အတိုင်း ပြေးတက်လာကြသော-ခြေသံပိုင်ရှင်များကို ချောအိကလျာ သဲသဲကွဲကွဲ မြင်တွေ့လိုက်ရ၏ ။

“ အို...မြတ်စွာဘုရား...! ဂျပန်စစ်သားတွေပါလား...”

ချောအိကလျာကို မြင်တော့ သားတစ်မြင်သော-ခွေးအ,တစ်သိုက်လို လုံ့စွပ်တပ်သေနတ်များကို ကိုင်ကာ တဖြည်းဖြည်း တိုးလာ ကြသည့် ဖက်ဆစ်သရဲများ ။

ချောအိကလျာ၏ အနောက်၌ တဝေါဝေါစီးဆင်းနေသော-

ရေတံခွန်ကြီးသာ ရှိတော့၍ နောက်သို့ ဆုတ်လို့ လည်း မရ ။ နံဘေးက တောင်ကမ်းပါးပေါ်လည်း တက်၍ မနိုင် ။ ရှေ့၌ မကောင်းဆိုးဝါးမိစ္ဆာကောင်များက ချောအိကလျာကို တဏှာခိုးဝေဝေ အကြည့်ရိုင်းရိုင်းတွေနှင့် တစ်လှမ်းချင်းချည်းကပ်လာကြပြီ ။ မတတ်သာသည့် အဆုံးမှာတော့ ကိုယ့်ကိုယ်ကို သတ်သေရန် တစ်နည်းသာ ကျန်တော့သည် ။

ထိုစဉ် မထင်မှတ်စရာအဖြစ်အပျက်တစ်ခုကို တွေ့ကြုံလိုက်ရသည် ။ တစ်ဖက်တောင်ကမ်းပါးယံပေါ်မှ လူတစ်ယောက် နွယ်ကြိုးဖြင့် ခုန်ပျံဆင်းလာကာ ရိုင်ဖယ်သေနတ်ဖြင့် ဂျပန်စစ်သားများကို အဆက်မပြတ်ပစ်ခတ်လေသည် ။ ရုတ်တရက် အလစ် အငိုက်မို့ ဂျပန်စစ်သား(၆) ယေ ၁က ်မ ၂၁ ပြန်လည်ပစ်ခတ်ချိန်ပင် မရလိုက်ဘဲ အတုံးအရုံးကျရှုံးကုန်ကြ၏ ။

သို့ပေမယ့် ထို(၆)ဦးမှာ ရှေ့ပြေးများ သာဖြစ်သည် ကြောင့် မကြာမီတွင် စစ်သားတွေ အလုံးအရင်းလိုက် ရောက်ရှိလာပါ က ချောအိကလျာတို့ လွတ်မြောက်ပါ့မလားဟု တွေးရင်း အနားသို့ ရောက်လာသောထိုသူ့ကို ချောအိကလျာ မော့ကြည့်လိုက်မိ သည် ။

ဖြူဝင်းစိမ်းဖန့်သောအသားအရေရှိပြီး မျက်နှာဖောင်းဖောင်း ၊ မေးရိုးကားကား ၊ မျက်ခုံးထူထူ ၊ အကြည့်စူးစူးနှင့် ‘သူ့’ကို မြင်တွေ့လိုက်ရသည့် အခိုက် ချောအိကလျာ၏ စိတ်တွေ လှုပ်ရှားသွားခဲ့ပါပြီ ။

- ခန့်လိုက်တဲ့ လူ…

အာရုံက ထိုသူနှင့် အတူ ကပ်ငြိပါသွားသကဲ့သို့ ခံစားလိုက်ရသည် ။

ထိုသူမှာ အခြား မဟုတ်ပါ ။ ထိုဘဝ(အတိတ်ဘဝ)က ကလျာ့ချစ်သူ ။ ချောအိကလျာ၏ အသည်းအသက်လို ချစ်မြတ်နိုး ရပါသော-ကိုစွမ်းရှင်နောင်ဆိုသူပင် ။

“ ကလျာ ...အလွန်ထိတ်လန့်သွားပါသလား ။”

ကိုစွမ်းရှင်၏ စိုးရိမ်မကင်းသောအမေးကို ချောအိကလျာက အကြင်နာပြည့်လျှံသော-မျက်ဝန်းတွေနှင့် ပြန်လှန်ငေးကြည့်ရင်း...

“ စောစောက အနည်းငယ်ထိတ်လန့်သွားခဲ့ပေမယ့် ကိုစွမ်းရှင် ရောက်လာမယ်ဆိုတာကို ယုံကြည်နေတာကြောင့် အလွန်အမင်း

တုန်လှုပ်ချောက်ချားခြင်း မရှိခဲ့ပါဘူး ။ ကဲ...ဒီကိစ္စ ထားလိုက်တော့ ။ နောက်ထပ်ဂျပန်စစ်သားများ ရောက်မလာခင် ကလျာတို့ ဘယ်ပုံဘယ်နည်းနဲ့ ထွက်ပြေးကြမလဲ ။”

“ မစိုးရိမ်ပါနဲ့ ။ ကိုစွမ်းရှင် ကြံပါမယ် ။”

ထိုသို့ဆို၍ ဘေးဘီသို့ တစ်ချက်မျှဝေ့ဝဲကြည့်ကာ အကြံထုတ်လိုက်ပြီး အနားသို့ တိုးကပ်လာကာ ချောအိကလျာ၏ ခါးကို တင်းတင်းကြပ်ကြပ်ထွေးပွေ့ဖက်လိုက်သည် ။

မပြောမဆိုနှင့် ရုတ်တရက် ပွေ့ဖက်လိုက်သည့် -သူ့လုပ်ရပ်ကြောင့် ကလျာမှာ လည်း မရုန်းနိုင်မလှုပ်နိုင်ဖြင့် အံ့အားသင့် လျက်သား ။ ဘာသဘော ၊ ဘာအဓိပ္ပာယ်ပါလိမ့်...။ အနေရခက်လိုက်တာ ။

အတွေးလွင့်မြောနေသည့် -ထိုအချိန်ထိတိုင် ဇဝေဇဝါ ... ။ သူဟာ အမှန်ပဲ အတိတ်ဘဝက ကလျာ့ချစ်သူလား ။ အိပ်မက် လိုလိုပုံရိပ်တွေထဲမှာ ကလျာဟာ အတိတ်ဘဝက ချောအိကလျာဖြစ်လိုက် ၊ ပစ္စုပ္ပန်က ချောအိကလျာဖြစ်လိုက်နှင့် ယောက်ယက် ခတ်နေခဲ့သည် ။

သူ့အရပ်က ရှေးခေတ်ယောကျာ်းကြီးများ ၏ အရပ်အမောင်းအတိုင်း ခြောက်ပေနီးပါးမြင့်မားထွားကျိုင်းလှသဖြင့် ချောအိ ကလျာသည် သူ့ရင်ခွင်ထဲတွင် ကလေးမလေးလို တိုးဝင်ပျောက်

ကွယ်နေသည်။ သူ ဘာဆက်လုပ်မလဲ၊ ဘယ်လိုအကြံအစည် ရှိသလဲ... ချောအိကလျာ မသိ။ သို့ပေမယ့် သူ့ကို ယုံကြည်၏။

သူက ချောအိကလျာကို တင်းတင်းကြပ်ကြပ် ထွေးပွေ့လိုက်ပြီးနောက် တစ်ဖက်မှ အော်ဟစ်ပြေးတက်လာသော-ဂျပန် စစ်သားများ ၏ အသံကို ကြားသည် နှင့် တောင်ထိပ်မှ နေ တဝေါဝေါစီးဆင်းနေသော-ရေတံခွန်ဆီသို့ နှစ်ယောက်အတူ ခုန်ဆင်း လိုက်တော့၏။

*